# Facebook အကြောင်းသိကောင်းစရာများ





http://keekee.minus.com/


https://www.facebook.com/keekeelay

## Facebook ကို စတင် အသုံးပြုခြင်း


ကျွန်တော်တို့ Facebook အကောင့်တစ်ခုစလုပ်ဘို့ အတွက် ကိုယ့်မှာ ဖုန်း (ဝါ) Mail အကောင့် တစ်ခုရှိဘို့ လိုပါတယ်။ အခု Gmail အကောင့်တစ်ခုနဲ့ စလုပ်ပြပါ့မယ်။ လုံးဝမလုပ်တတ်သေးသူတွေ အတွက် ဖြစ်လို့ ဆရာတွေ အတွက် ရယ်စရယ်ဖြစ်ရင်ဖြစ်နေမှာပါ။ သီးခံပေးကြပါနော်။ စလုပ်တော့မယ်ဆိုရင် (၁) မှာ ကိုယ်သုံးချင်တဲ့ ပထမ နာမည်ပေါ့။ ဥပမာ.. နာမည်က Maung Aye ဆိုပါတော့ အမှတ် (၁) မှာ Maung ကိုထည့်ပါ။ အမှတ် ( ၂) မှာ Aye ကိုထည့်ပါ။ အဲဒါမှ Facebook မှာ Maung Aye လို့ ပြန်ပေါ်မှာဖြစ်ပါတယ်။ (၃) နှင့် (၄) မှာ ကိုယ်သုံးမယ့် Mail ကို တစ်ခုတည်း ထည့်ပေးရပါမည်။ အမှတ် (၅) မှာတော့ ကိုယ်မမေ့နိုင်မယ့် ( အလွယ်လည်း မပေးမိပါနှင့်) ဟာမျိုးကို password ပေးပါ။ Birthday အပြည့်စုံထည့် Female / Male ကိုရွေးပြီးရင် Sign Up ကိုနှိပ်ပါ။





Facebook မှာ အသုံးပြုတဲ့ Gmail ကို Sign in ဝင်ပါ။ Facebook ကပို့တဲ့ မေး နှစ်ခု သို့ မဟုတ် သုံးခု တွေ့ပါမည်။ တကယ်လို့ လင့်က နှစ်ခုတည်းပဲ ပို့တယ်ဆိုရင်တော့ Welcome to Facebook - get started now ကိုဖွင့်ပြီး  get started ကိုနှိပ်ပါ။ အောက်ပုံ





ခုနဖွင့်ထားတဲ့ Facbook ကို log in ဝင်ဘို့ပြောပါလိမ့်မည်။ Password ကိုဖြည့်ပြီး log in ဝင်ပေးပါ။ အောက်ပုံ





အောက်ပါပုံအတိုင်း အကောင့် Verify လုပ်ဘို့ Continue ကိုဆက်နှိပ်ပါ။





အောက်က မညီမညာ စာလုံးတွေကို သေချာမှန်အောင်ဖြည့်ပြီး Submit ကိုဆက်နှိပ်ပါ။





အကောင့် ကို ဖုန်းနဲ့ Verify လုပ်ဘို့ရန်အတွက် Enter a phone number ကိုနှိပ်ပါ။





နိုင်ငံရွေး ၊ ဖုန်းနံပတ်ထည့်ပြီး Continue ကိုနှိပ်ပါ။ အကောင့် Confirm လုပ်ဘို့ အတွက် Facebook က Code နံပတ်ပို့ပေးမှာဖြစ်ပါတယ်။





Facebook ကပို့ပေးတဲ့ Code နံပတ်ကိုထည့်ပြီး Confirm ကိုနှိပ်ပါ။




ဖုန်းနဲ့ Notifications ရချင်တယ်ဆိုရင်တော့  Turn on text notifications ကိုအမှန်ခြစ်ပြီး Save Settings နှိပ်ပါ။





အခုဆိုရင် Security check ပြီးဆုံးပြီဖြစ်တဲ့ အတွက် Continue ကိုနှိပ်ပြီး Facebook ကို ဝင်လို့ရပါပြီ။





အခုဆိုရင် Facebook ထဲကိုရောက်နေပါပြီ။ ဒါပေမယ့် မပြီးသေးပါဘူး။ ဒီမှာ သူငယ်ချင်းတွေကို တစ်ခါတည်း add လို့လည်းရပါတယ်။ သူငယ်ချင်းတွေကို add တယ်ဆိုရင်တော့ပြီးတာနဲ့ Save & Continue ကိုနှိပ်ပါ။ ကီးကီး ကတော့ step 4 အထိကို  Skip ကိုပဲ အမြဲနှိပ်တယ်။ အားလုံးပြီးပြီဆိုရင်တော့ Save လုပ်လိုက်ပါ။

(Internet Explorer နဲ့ဘာဖုန်းကုဒ်လည်းမတောင်းပါဘူး။ မသိသေးသူတွေအတွက်သာ ရှင်းပြထားတာပါ)




## နာမည်ပြောင်းနည်း


Facebook ကိုသူများလုပ်ပေးလို့ပဲဖြစ်ဖြစ် အချိန်မရလို့ သေချာနာမည်မပေးခဲ့ဖြစ်ဖြစ် နာမည်ပြန်ပြောင်းချင်တယ်ဆိုရင် Facebook Settings>>Account Settings>>General>> Name ကိုသွားပြီး ပြောင်းနိုင်ပါတယ်။ နာမည်စိတ်ကြိုက်ရေးပြီးဆိုရင်တော့Password နေရာမှာ Facebook ဝင်တဲ့ password ပြန်ရိုက် Save Canges နှိပ်ပါ။ အောက်ပုံ




## User Name ပြောင်းနည်း


Facebook Settings>>Account Settings>>General>> Username အထိသွားပြီး Username နေရာမှာ ကိုယ်ပြောင်းမယ့် နာမည်ပြန်ထည့် Password  နေရာမှာ Facebook ဝင်တဲ့ password ပြန်ရိုက် Save Canges နှိပ်ပါ။ အောက်ပုံ

မှတ်ချက်။ ။ အပေါ်က ပြောင်းတဲ့နာမည်ဟာ profile ပုံဘေးနားက နာမည်ပါ။ အောက်က Username ကျတော့ Rul:.. ရဲ့ နောက်က နာမည်ပါ။ ဥပမာ.. www.facebook.com/username  အဲလိုပေါ့။ (မသိသေးသူတွေ အတွက်)





## Facebook မှာသုံးတဲ့ Mail ပြောင်းနည်း

ကိုယ်သုံးနေတဲ့မေးလ်ကို လူအများသိနေလို့ ဖြစ်ဖြစ် ၊ သူငယ်ချင်းဆီ အကူညီတောင်းပြီး လုပ်ခိုင်းတာဖြစ်ဖြစ် ၊ အကြောင်းအမျိုးမျိုးကြောင့် Mail ပြန်ပြောင်းချင်တယ်ဆိုရင်တော့ Facebook Settings>>Account Settings>>General>> Email >>add another mail>> New Email မှာ မေးလ် အသစ်ကိုထည့်ပါ။ Password နေရာမှာ Facebook ဝင်တဲ့ password ပြန်ရိုက် Save Canges နှိပ်ပါ။ Facebook ကနေ Mail ပြောင်းလဲ အသုံးပြောင်းနိုင်ဘို့ရန်အတွက် Mail ထဲကို Confirm လုပ်ဖို့ လင့်တစ်ခုပို့ပေးပါလိမ့်မည်။ အောက်ပုံ





အဲဒီလင့်ကိုနှိပ်ပြီး Confirm လုပ်ပေးမှသာလျှင် mail ချိန်းလို့ ရမှာပါ။ အောက်ပုံလေးအတိုင်းမြင်ရမှာ ဖြစ်ပါတယ်။ မေးလ် အသစ်နေရာမှာ အစက်ချပြီး password ပြန်ရိုက် Save Changes  ကိုနှိပ်ပါ။ အဟောင်းကို ဖျက်ဘို့ အတွက် Mail နောက်က Remove နှိပ်ပြီး Password ပြန်ရိုက် Save Changes ပြန်လုပ်ပါ။ အောက်ပုံ




# Password ပြန်ပြောင်းနည်း

Password ပြန်ပြောင်းဘို့ အတွက် Facebook Settings>>Account Settings>>General>>password ကိုသွားပါ။ Current >> မှာ password အဟောင်းပြန်ရိုက်ပါ။ New နှင့် Retype New မှာတော့ အသစ်ထည့်မည့် password အတူတူ ဖြစ်နေရပါမည်။ ပြီးရင် ထုံးစံအတိုင်း Save Changes ပေါ့။





# Password မေ့လျှင် ပြန်လုပ်နည်း


Facebook Password မေ့လို့ ပြန်လုပ်ချင်တယ်ဆိုရင် www.facebook.com ကို အရင်သွားပါ။ ဘာမှ မလုပ်သေးပဲ Forgot your password ? ကိုနှိပ်ပါ။ အောက်ပုံ





ဒီမှာတော့ Facebook မှာ သုံးတဲ့ Mail အကောင့်ကိုအပြည့်စုံရိုက်ပြီး Serch ကိုနှိပ်ပါ။ အောက်ပုံ




ဒီမှာ ရွေးစရာသုံးခုရှိပါတယ်။ ပထမ mail နဲ့ တိုက်ရိုက်ဝင်ပြီး Password reset ပြန်လုပ်နည်း ၊ ဒုတိယ mail ထဲကို Password reset လင့်ပို့ခိုင်းပြီ အဲဒီလင့်ကနေ Password reset ပြန်လုပ်နည်း နှင့် ဖုန်းထဲကို code ပို့ခိုင်းပြီး Password reset လုပ်နည်းဆိုပြီး သုံးမျိုးရှိပါတယ်။ အခု မေးလ်နဲ့ တိုက်ရိုက်ဝင်ပြီး လုပ်ပြသွားမှာဖြစ်ပါတယ်။  အဲဒါကြောင့် အပေါ်ဆုံးမှာ အစက်ချပြီး Continue ကိုနှိပ်ပါ။ အောက်ပုံ





ဒီမှာတစ်ခုပြောစရာရှိပါရှိပါတယ်။ Mail ကို Sign in လုပ်ထားပြီးသားဆိုရင်တော့ဒီအဆင့်ကိုလုပ်စရာမလိုပါဘူး။ မေးလ်မဝင်ထားဘူးဆိုရင်တော့ Mail ကို Sign in ဝင်ပါ။ ဆိုင်မှာသုံးရင်တော့ Sign in ဘေးနားက အမှန်ခြစ်ဖြုတ်ဘို့ ဘယ်တော့မှ မမေ့ပါနှင့် ။ အောက်ပုံ




အပေါ်မှာပြောခဲ့သလို mail ဝင်ပြီးသားဆိုရင်တော့ အောက်ပုံ အတိုင်း တိုက်ရိုက်ရောက်မှာဖြစ်ပါတယ်။ Accept ကို ဆက်နှိပ်ပါ။





အခုဆိုရင် Password အသစ်ထည့်ဘို့ နေရာရောက်ပါပြီး ။ password (နှစ်ခုလုံး အတူတူဖြစ်ရပါမည်) ထည့်ပြီး Continue ကိုဆက်နှိပ်ပါ။ အောက်ပုံ




# Timeline and Tagging Settings အကြောင်း

ဒီဟာလည်းတော်တော်လေးကို အရေးကြီးတယ်လို့ ကီးကီး ထင်ပါတယ်။ ဘယ်သူတွေ ကိုယ့် wall ပေါ်မှာလာရေးလို့ ရအောင်လုပ်မလဲ ။ သူများ Tag ထားတဲ့ဟာတွေ ကိုကျတော့ ဖြစ်နိုင်ရင် only me လုပ်စေချင်ပါတယ်။ ဒါပေမယ့် ရိုးရိုးလေး သုံးတဲ့သူတွေ အတွက်တော့ ဘာမှ မဖြစ်ပါဘူး။ Facebook ကို အားတဲ့ချိန်လေးပဲ ဆိုင်မှာသွားသုံးမယ် ဆိုတဲ့သူတွေရယ် ၊ အားနေရင် ဆဲဆိုပြီး ရှုံးပိတ်ရင်ကျတော့ Facebook ကိုလှည့်မကြည့်အားတဲ့သူတွေ ၊ ရုံးချိန်လောက်မှာသုံးပြီး နိုင်ငံ ရေး အကြောင်းဘာညာ ရေးတတ်တဲ့သူတွေ ကိုသတိပေးတာပါ။ ကိုယ့် Post ထဲကိုပဲ Public , Friend လုပ်တာကောင်းပါတယ်။ သတိထားစေချင်လို့ ရေးပေးချင်းသာဖြစ်ပါတီ… :P အောက်ပုံ





## Manage Blocking အကြောင်း

**Block users >>** ကတော့ block ထားတဲ့သူတွေ ကို unblock ပြန်လုပ်ချင်တဲ့ချိန် နာမည်တွေ ရှာလို့ ရသလို block ချင်တဲ့နာမည်ကိုရေးပြီး block လုပ်လို့လဲရပါတယ်။


**Block app invites >>** ကတော့ app တစ်ခုခုသုံးပြီး invite လာလုပ်တဲ့နာမည်ကိုရေးပြီး block လုပ်နိုင်ပါတယ်။ အဲဒါဆိုရင် နောက် ဘာ app နဲ့မှသူကိုယ့်ကို invite လုပ်လို့ မရတော့ပါဘူး။

**Block apps >>** ကတော့ ဂိမ်း app တွေများပါတယ်။ အဲဒါကြောင့် မျက်စိရှုပ်မခံချင်ရင် Block apps အကွက်မှာ app နာမည် အစ ရေးလိုက်ရင် အောက်မှာ အဲဒီနာမည်နဲ့ တူတဲ့ app တွေ အများကြီးထွက်လာပါတယ်။ ကိုယ် block ချင်တဲ့ app ကို ကလင့်လိုက်ပါ။ ဒါဆို အဲဒီ app နာမည်နဲ့ ဘယ်သူမှ ကိုယ့်ကို invite လုပ်လို့ မရတော့ပါဘူး။ အောက်ပုံ





## FB က ( Message ) Or ချက်ထားတာတွေကို Forward လုပ်နည်း


တစ်ယောက်ယောက်က အထင်လွဲလို့ပဲဖြစ်ဖြစ် ၊ မိုက်မိုက်ရိုင်းရိုင်း စကားပြောတဲ့သူ့ကိုလို့ပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကိုပို့ပေးချင်တယ်ဆိုရင် Screen shot နဲ့ အားလုံးမပေါ်နိုင်ပါဘူး။ အဲဒါကြောင့် Forward ကိုသုံးရင် ပိုပြီး အဆင်ပြေပါတယ်.။ အရင်ဆုံး FB ကိုဖွင့်ပါ ။ ပြီးရင် စာအိတ်ပုံလေး ( message ) ကိုဖွင့်ပါ။ ကိုယ် Forward လုပ်မယ့် သူကိုထပ်ဖွင့်ပါ။ အောက်ပါပုံအတိုင်း Actions ထဲက Forward ကိုနှိပ်ပါ။




ပြီးရင်တော့ အောက်မှပြထားတဲ့အတိုင်း အမှန်လေးတွေကိုခြစ်ပြီး Forward ကိုနှိပ်လိုက်ပါ။




ဒါဆိုရင် ကိုယ်ပို့ချင်တဲ့သူ ( FB နာမည်) ရေးပြီးပို့လို့ရပြီပေ့ါ




မသိသေးတဲ့သူတွေအတွက်သာရည်ရွယ်တီ...


## Facebook မှာ Chat history တွေကိုဖျက်နည်း

Facebook မှာ ကျူထားးတာတွေကို ချစ်သူ ၊ လင် / မယား သိမှာစိုးလို့ ပြန်ဖျက်ချင်တဲ့ ကိုကို မမ များအတွက်ပါ။ ပြန်ဖျက်လို့ရတာပဲဆိုပြီး သိပ်လည်းမကျူနဲ့အုံးနော်...:P

၁။ ကိုယ် Chat history ဖျက်သူကို chat window ခေါ်ပါ။ options >>See full conversation ကိုနှိပ်ပါ။ တကယ်လို့ အရေးပေါ်သူများတွေ့မှာစိုးရင်တော့ အစိမ်းနဲ့ဝိုင်းတဲ့ Clear window ကိုနှိပ်လိုက်ပါ။ အထဲမှာ အားလုံးရှိပါသေးတယ်။





အထဲကဟာပါ အားလုံးဖျက်ချင်ရင်တော့ action ထဲက delete messages ကိုကလင့်ပြီး ကိုယ်ဖျက်ချင်တဲ့ ဟာလေးတွေကို အမှန်ခြစ် အောက်မှာ Delete ဆက်နှိပ်ပါ။ ဒီဟာကို တကယ်ဖျက်မှာလား ဆိုပြီး မက်ဆေ့ ပေါ်လာရင် yes ပေးလိုက်ပေ့ါ။




တကယ်လို့ တစ်ခုချင်းဆီမဖျက်ချင်ဘူးဆိုရင်တော့ အစိမ်းနဲ့ဝိုင်းထားတဲ့ Delete conversation နှိပ်ပါ အရင်က chat ထားတာတွေလဲ အားလုံး ပျောက်ပါပြီ..။ စိတ်ချလို့ရပြီပေ့ါ..အဲ မှားလို့နော်...


## အများမသိစေချင်တဲ့ ပုံတွေ ဖိုင်တွေကို chat box ထဲကိုပို့နည်း

တကယ်လို့ ကိုယ့်သူငယ်ချင်းတစ်ယောက်တည်းကိုပဲ ပုံတွေပြချင်တယ် ၊ ဖိုင်တွေပို့ချင်တယ်ဆိုရင် အရင်ဆုံး Message ကိုဖွင့်ပါ။ ကိုယ်ပို့ချင်တဲ့သူငယ်ချင်းကိုရှာပြီး ကလင့်ပါ။ဒါဆို chat box ထွက်လာပါပြီ။ စာရေးတဲ့နေရာအောက်မှာအနီဝိုင်းထားတဲ့ add files  ကိုနှိပ်ပါ(ဖိုင်ပို့ချင်တယ်ဆိုရင်) ၊ အဝါဝိုင်းထားတဲ့ add photos ကိုနှိပ်ပါ(ပုံပို့ချင်တယ်ဆိုရင်)။ အောက်ပုံ





## Message Inbox နဲ့ Other အကြောင်း


Inbox မှာတော့ သိပ်ပြီး ထွေထွေထူးထူး မရှိဘူး။ Inbox မှာ မဖတ်သေးတဲ့ဟာတွေ ရှိရင် Inbox 1,2 လို့ပြပါတယ်။ အဲဒါကို မဖတ်သေးတဲ့ဟာသီးသန့်ကြည့်ချင်ရင် More ကိုနှိပ်ပြီး Unread ကိုနှိပ်ပါ။




Other မှာ ဘာတွေထူးခြားလည်းဆိုရင်တော့ Message Filter လုပ်လို့ရပါတယ်။ ပုံမှာပြထားတဲ့ Edit Preferences ကိုနှိပ်ရင် ရွေးစရာနှစ်ခုထွက်လာမှာဖြစ်ပါတယ်။ (အလွယ်နည်းရွေးချင်ရင် အောက်ပုံ)




Basic Filtering ကိုရွေးရင်တော့ သူငယ်ချင်းတွေဆီက သာ message inbox ရောက်မှာဖြစ်ပါတယ်။ သူငယ်ချစ်မဖြစ်သေးတဲ့ သူတွေ ပို့ရင်တော့ Other မှာရောက်သွားမှာပါ။ Strict Filtering ကိုရွေးရင်တော့ အားလုံး inbox ထဲကို ရောက်လာမှာပါ။ ကိုယ်စိတ်မဝင်စားတဲ့ သူဆိုရင်တော့ သူ့ message တစ်ခါဖတ်ပြီး နောက် inbox မရောက်အောင်လုပ်လို့ရပါတယ်။ လုပ်ချင်တယ်ဆိုရင်တော့ ကိုယ်လုပ်မယ့်သူပို့တဲ့ message ဖွင့်ပါ။ actions>> move to other ကိုနှိပ်ပါ။ ဒါဆိုရင်နောက် နောက် သူ့အတွက်နဲ့ စိတ်အနှောက်ယှက် မဖြစ်တော့ဘူးပေါ့။ အဲလို့ပဲ other ကနေလည်း move to inbox လုပ်လို့ရပါတယ်။ အောက်ပုံ





# Block မလုပ်ပဲ အမြဲ Offline လုပ်နည်း

အဓိက မိန်းခလေးတွေအတွက်ပေါ့။ အွန်လိုင်းမှာတွေ့တာနဲ့ အရေမရ အဖတ်မရ အနှောက်ယှက်ဖြစ်အောင် လာလာပြောတဲ့သူကို မဘလော့ပဲ offline လုပ်နည်းပါ။ ပုံမှာပြထားတဲ့ အတိုင်း Options >> Turn off chat… ကိုနှိပ်ပါ။ တကယ်လို့ သူ့ကို ပုံမှန်ပြန် လုပ်ပေးချင်တယ် ဆိုရင်တော့ ပုံ နံပတ် (၂) မှာပြ နာမည်ကိုရိုက်ရှာပြီး chat box ပြန်ခေါ်ပါ။ ပြီးရင် Turn on chat…. ပြန်နှိပ်ပေးလိုက်ရင် ပုံမှန်ဖြစ်သွားပါပြီ။
ချက်ဘောက်တစ်ခုတည်းမှာ သူငယ်ချင်းတွေ အများကြီးနဲ့ပြောချင်တယ်ဆိုရင်တော့ ပုံ နံပတ် (၃ ) မှာလူနှစ်ယောက်ပုံလေးကိုနှိပ် ကိုယ် add ချင်တဲ့နာမည်ရေး ပြီး Done ကိုနှိပ်ပါ။ တကယ်လို့ လူအများပြောတဲ့နေရာကနေ ထွက်ချင်တယ်ဆိုရင် ပုံ အမှတ် (1) အတိုင်း options ကိုနှိပ် Leave Conversation.. ကိုရှာနှိပ်ပြီးထွက်နိုင်ပါတယ်။





## လူတိုင်း add friend လုပ်မရအောင်လုပ်နည်း

ဥပမာ ။ ။ ကိုယ့် FB သူငယ်ချင်းရဲ့ သူငယ်ချင်းမဟုတ်ရင် add မရအောင်ပါ။ လက်ညှောင်းလို့ လျှာမရှည်တော့ပါဘူး။ အောက်မှာပုံကြည့်နော်.. :P





# (Post) ပို့စ်တင်နည်း


Status (ပို့စ်)တင်နည်းဆိုလို့ အားလုံး တတ်တယ်မပြောပါနဲ့..။ မသိသေးသူတွေအတွက်ပေါ့။ Status ရေးပြီဆိုရင် Public, Friend, Only me, Custom ဆိုပြီးရွေးရပါတယ်။ အခု Custom အကြောင်းနည်းနည်း ရေးပါမယ်။ ကိုယ်ခွင့်ပြုတဲ့သူတွေပဲ ကြည့်လို့ရအောင် Status ရေးတင်နည်းပေါ့။ အရေးကြီးတဲ့ဟာ တစ်ချို့သူငယ်ချင်းတွေကိုပဲ ပြချင်တဲ့ချိန်သုံးပါတယ်။ အောက်ပုံ




Status ရေးပြီးတာနဲ့ အပေါ်ပုံအတိုင်း Custom ကိုနှိပ်ပါ။ Lists ထည့်ဘို့ အတွက် Specific people or lists ကိုရွေးရင် ပုံနံပတ် (1) အတိုင်း ပေါ်လာပါမည်။ အဲဒီထဲမှာ ကိုယ့် Status ပြချင်တဲ့ နာမည်ကိုရေးပြီး Save changes ကိုနှိပ်ပါ။ lists မှာပါတဲ့သူငယ်ချင်းများသာကြည့်လို့ရမှာဖြစ်ပါတယ်။ ပုံနံပတ် ( 3 ) မှာတော့ Friends of Friends ပဲထားထား Friends ပဲထားထား ကိုယ်မပြချင်တဲ့သူနာမည်ကိုရေးပြီး Save Changes လုပ်ပါ။ သူကိုယ့်ရဲ့ Status ကို ဖတ်လို့ရမှာမဟုတ်တော့ဘူး။ အောက်ပုံ




ပို့စ်တင်ပြီး သူငယ်ချင်းတွေကို Tag တွဲနည်းပါ။ ရှင်းပြစရာမလိုလောက်ပါဘူး။ အောက်ပုံ




## Notification ကို Mail ထဲမဝင်အောင် လုပ်နည်း

Facebook>>Settings>>Account Settings>> Notifications >>How You Get Notifications>>Email>> ◉ Only notifications about your account, security and privacy မှာအစက်လေးချပါ


Facebook>>Settings>>Account Settings>> Notifications >> What You Get Notified About>> **Close Friends activity>>on facebook**

Facebook>>Settings>>Account Settings>> Notifications >> What You Get Notified About>> tag>> friend

Facebook>>Settings>>Account Settings>> Notifications >> What You Get Notified About>> flower>>everyone


Facebook>>Settings>>Account Settings>> Notifications >> What You Get Notified About>>group activity >> off

Facebook>>Settings>>Account Settings>> Notifications >> What You Get Notified About>>app requests and activity (uncheck all )





**ကိုယ်ပို့တဲ့ Message ကို သူဖတ်မဖတ် ဘယ်လိုသိနိုင်မလဲ**

ပုံမှာမြင်ရတဲ့ အတိုင်းပဲ အမှန်လေးတွေပေါ်နေရင် သူဖတ်ပြီးသား မို့လို့ပါ။ အောက်ဆုံးကလို အမှန်ခြစ် မပေါ်ဘူးဆိုရင်တော့ သူမဖတ်သေးလို့ပါ။





ချက်ဘောက်မှာတော့ အောက်အတိုင်းပေါ်ပါတယ်။ သူ offline မှာ ရှိမရှိဆိုတာကို အဲဒါနဲ့လည်း စစ်နိုင်ပါတယ်။




# Friends Notification တွေရယူခြင်း / ဖြုတ်ပြစ်ခြင်း


## Notification တွေရယူခြင်း

အရမ်းရင်းနှီးတဲ့သူငယ်ချင်းတွေ / နည်းပညာဖြန့်ဝေတဲ့ သူငယ်ချင်းတွေ / သတင်းရေးတဲ့သူငယ်ချင်းတွေရဲ့ Notification တွေကို အမြဲရယူချင်တယ်ဆိုရင်တော့ သူ့ profile ကိုသွားပါ။ ပုံမှာပြထားတဲ့အတိုင်း Friends ကိုနှိပ်ပြီး Close friends ကိုအမှန်ခြစ်ပေးလိုက်ပါ။ အောက်ပုံ




## Notification ဖြုတ်ပြစ်ခြင်း

ဘာလို့ ဒီလိုလုပ်မလဲ ဆိုရင်တော့ သူငယ်ချင်းအဖြစ်ကနေ ထုတ်ပြစ်ရင်လည်းမကောင်းဘူး။ ဘလော့ပြစ်ဘို့ဆိုလည်း မလုပ်ခြင်ပြန်ဘူး ဆိုရင်တော့ သူ့ profile ကိုသွားပြီး အောက်ပါပုံအတိုင်း Friends >> Settings >> တွေ့သမျှ အမှန်ခြစ်တွေကိုဖြုတ်ပြစ်လိုက်ပါ။ ဒါဆို အမြင်ကပ်စရာကောင်းတဲ့ သူ့ပုံတွေလည်း မတွေ့ရတော့ဘူး :P ။ ပေါက်ကရရေးတဲ့စာလည်းမဖတ်ရတော့ဘူး။ ကိုယ့်အတွက် အကျိုးရှိတဲ့ စာတွေ ဗဟုသုတ တွေကိုသာ အမြဲဖတ်ရမှာဖြစ်ပါတယ်။





## ဘလော့ (Block) လုပ်နည်း


လူတစ်ယောက်ကို Block လုပ်ချင်တယ်ဆိုရင်တော့ အပေါ်ပုံကိုကြည့်ပါ။ Unfriend အပေါ်နားလေးက Report/Blocks ကိုနှိပ်ပါ။ Block ဆိုတဲ့နေရာမှာ အစက်လေးချပြီး အောက်က Confirm ကိုနှိပ်ပါ။

## Facebook အကောင့်ကို Delete လုပ်ခြင်း


Facebook account ကို Delete လုပ်တော့မယ်ဆိုရင်တော့ အောက်ကလင့်ကိုအရင်သွားပါ။ https://www.facebook.com/help/delete_account ဒီလင့်ကိုဖွင့်ပါ။တစ်ချို့ကတော့ password ထည့်ဘို့ တိုက်ရိုက်ပေးပါတယ်။ ဒီမှာတော့ Delete My Account ကိုနှိပ်ပါ။ အောက်ပုံ




Password နဲ့ မညီမညာ စာလုပ်လေးတွေကိုဖြည့်ပြီး ok ပေးပါ။ တစ်ခါတစ်လေ password တည်းသာဖြည့်ရပါတီ.. အောက်ပုံ




ဒီမှာ မှတ်ထားရမှာက ၁၄ ရက်အတွင်း ပြန်ဖွင့်တယ်ဆိုရင် Delete လုပ်တာ cancel ဖြစ်သွားပြီး ပုံမှန် အကောင့်ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဖျက်ပြီးဆိုရင်တော့ လုံးဝပြန်မဖွင့်နဲ့တော့ပေါ့.. အောက်ပုံ





# Deactivate လုပ်နည်း


ဒီဟာကတော့ အကောင့်ကို ခနပိတ်တာပါ။ ဘယ်ချိန်ပဲဖြစ်ဖြစ် mail နဲ့ password မှန်ရင် ပြန်ဝင်လို့ရပါတယ်။ အဲဒီလိုလုပ်ဘို့ အတွက် Wheel ပုံစံလေး အရင်က Settins >>Account Settings>>Security>> Deactivate your account ကိုနှိပ်ပါ။ အောက်ပုံ




This is temporary. I'll be back မှာ အစက်ချပြီး Confirm ကိုနှိပ်ပါ။ အောက်ပုံ




လက်ရှိသုံးနေတဲ့ Password ကိုရိုက်ထည့်ပြီး Deactivate Now ကိုဆက်နှိပ်ပါ။ အဲဒါဆိုရင်တော့ အကောင့်ယာယီပိတ်တာ အောင်မြင်ပြီးဆုံးသွားပါပြီ.. အောက်ပုံ




## Security Question ဖြေပြီး အကောင့်ပြန်ယူနည်း

ဒီဟာကတော့ Facebook password လည်းမေ့ ၊ Mail ကနေ Password Reset လုပ်ဘို့ကလည်း Mail password မသိပြန်တော့တဲ့ အချိန်မှာ ကိုယ့် အကောင့်ကို ပြန်ယူနည်းလေးပါ။ ဒီလိုလုပ်ဘို့ အတွက် ကြိုတင်ပြီး ဘာတွေလုပ်သင့်လည်းဆိုရင် password reset ပြန်လုပ်မယ့် အကောင့်ကို ဘယ်သူတွေ့ပုံ Tag တာဂိုလည်း Tag တဲ့လူနာမည်ရယ် ပုံရယ် အရင်ဆုံးတွဲမှတ်ထားဘို့လိုပါတယ်။
အဲဒီလိုကြိုတင်ပြင်ဆင်မှ သာလျှင် security question ဖြေပြီး အထဲဝင်တဲ့ချိန် သူငယ်ချင်းနာမည်နဲ့ ပုံရွေးရတာ ပိုပြီး အဆင်ပြေ လွယ်ကူစေမှာဖြစ်ပါတယ်။ (တစ်ခါတစ်လေ ပုံမရွေးပဲ တိုက်ရိုက်ဝင်လို့ရပါတယ်)


ကဲစကြရအောင်…..အရင်ဆုံး Facebook login page ကိုသွားလိုက်ပြီး Forgot your password ကိုနှိပ်လိုက်ပါ။ **Email, phone or Facebook username** ထည့်ဘို့ page ကျလာပါမည်။ နာမည်ရေးပြီး Search ကိုနှိပ်လိုက်ပါ။ (ဒီလိုလုပ်ဘို့ အတွက် သူ့ရဲ့ Email or username )သိဖို့ လိုပါတယ် ။





ကိုရှာထားတဲ့ သူကျလာရင် This My Account ကို နှိပ်လိုက်ပါ။ အောက်ပုံ





နောက်ကျလာတဲ့ Page ကို အောက်ပါပုံ အတိုင်း No longer have access to these ? ကိုနှိပ်လိုက်ပါ။





ကိုယ် အသုံးပြုမယ့် မေးလ် အကောင့်ကို ထည့်ပေးရပါမည်။ ( Facebook မဖွင့် ရသေးတဲ့ Email အကောင့် ဖြစ်ရပါမည်..)ပြီး ရင် Continue ကို ဆက်နှိပ်ပါ။





Security Question ဖြေဘို့ ရောက်ပါပြီး။ အဲမှာ လွယ်လွယ်ပေးတတ်တဲ့သူတွေကတော့ တေပီဆရာပေါ့..။




Security Question ဖြေတာမှန်ရင်တော့  Password  အသစ်ထည့်ဘို့ နေရာရောက်ပါပြီ။ အောက်ပုံ..





အောက်မှာ Password အသစ်ထည့်တာပြီးဆုံးကြောင်း ပြပေးတဲ့ ပုံပါ..





## သူငယ်ချင်းသုံးယောက်ထံ အကူညီတောင်းပြီး အကောင့်ပြန်ယူနည်း


အရင်ဆုံး အပေါ်ကအတိုင်း Security Question ဖြေဘို့ အထိသွားပါ။ ပြီးရင်အောက်ပါ ပုံ မှာဝိုင်းထားတဲ့ Recover your account with help from friends ကိုနှိပ်လိုက်ပါ။ (ဒီလိုလုပ်ဘို့ အတွက် သူ့ရဲ့ Email or username )လိုပါတယ်။ (အပေါ်က ဟာကိုသေချာ ပြန်ဖတ်ပါ)





ဒါဆိုရင်တော့ Continue ကိုဆက်နှိပ်ပါ။




သူငယ်ချင်းတွေ ရွေးရမယ့်နေရာကိုရောက်ပါပြီ။ ကိုယ်လိုချင်တဲ့ လူကို အမှန်ခြစ်ပြီး Continue ကို နှိပ်ပါ။
(သုံးယောက်ပြည့်သည်အထိ အဲဒီအတိုင်း လုပ်ပါ။)




သုံးယောက်ပြည့်ပြီဆိုရင်တော့ အောက်ပါအတိုင်း Send Codes to Friends ကို ဆက်နှိပ်ပါ။





အခု သူငယ်ချင်းတွေဆီက Codes တွေကို ထည့်ဘို့ နေရာရောက်ပါပြီ။ ကုဒ်လင့်ကို မေးထည့်ပို့ပေးပြီး ကုဒ်ကိုတော့ Facebook မှာပို့ပေးမှာဖြစ်ပါတယ်။ ဒီလောက်ဆိုရင်တော့ အားလုံး အဆင်ပြေလောက်မယ်ထင်ပါတယ်…



သူတစ်ပါးကို အနှောက်ယှက်မပေးပဲ ကူညီတတ်တဲ့ သူငယ်ချင်းများဖြစ်ကြပါစေ..။ ကောင်းခြင်း ဆိုးခြင်းသည် အသုံးပြုသူအပေါ်မှာသာ မူတည်ကြောင်းပါ။


# Facebook လုံခြုံရေးလုပ်ဆောင်ချက်များ

၁။ ။ အခု ဘယ်လိုကာကွယ်ရမယ်ဆိုတာ လုံခြုံရေးအတွက် ကီးကီးသိသလောက် ရှင်းပြပါ့မယ်။ Facebook မှာ ကိုယ့် ရဲ့ Email , Info တွေကို Public လုပ်တတ်တဲ့သူတွေ သတိထားပါ ။
အရင်ဆုံး Security question ကို ပေးထားပါ။ အဲဒါကို မမေ့အောင် အမြဲတမ်းမှတ်ထားပါ။
ဘယ်လိုပေးရမလဲဆိုရင် အောက်မှပြထားတဲ့ပုံကိုကြည့်ပါ။ (တကယ်လို့ Security မှာ Security Question မတွေ့ဘူးဆိုရင်တော့ သင့် Facebook ကို Security Question ပေးပြီးသားဖြစ်ပါတယ်.)





၂။ ။ Facebook>>Settings>>Account Settings>>Security>> **Secure Browsing** ဆိုတဲ့နေရာမှာ အမှန်ခြစ်ပြီး Save လုပ်ပေးလိုက်ပါ။ (တစ်ခုလုပ်ပြီးတိုင်း Save လုပ်ပေးဖို့ မမေ့ပါနဲ့။


၃။ ။ Facebook>>Settings>>Account Settings>>Security>> **Login Notifications** မှာလည်း Email ကို အမှန်ခြစ်ပေးလိုက်ပါ။ ဖုန်းရှိတဲ့သူတွေကတော့ နှစ်ခုစလုံး အမှန်ဖြစ်ပေးလိုက်ပေါ့။ ဒီလိုသာလုပ်ထားရင် ဘယ်သူဝင်နိုင်အုံးမလဲ။ ဖုန်းက ကုဒ်မထည့်မခြင်း မပွင့်တော့ဘူးပေါ့..။


9:23 AM
Secure Browsing
Text Message Login Notifications
Email Login Notifications
Login Approvals On
Trusted Contacts
Trusted contacts are friends that can securely help you get back in your account.
App Passwords 2
Recognized Devices 7
Active Sessions 2

၄။ ။ Facebook>>Settings>>Account Settings>>Security>> **Login Approvals** အမှန်ခြစ်ပြီး Save လုပ်ပါ။ ပြန်ဝင်တဲ့ချိန် facebook ကပို့သော ဖုန် Code ထည့်ရပါတယ်။ အသေးစိတ်ရေးပေးပါဆိုလို့ ပြန်ဖြည့်ထားတာပါ။ အောက်ပုံ




ကိုယ့်ကွန်ပျူတာမဟုတ်ရင်တော့ Remember Browser ကို Don't Save ပေးပါ။ အောက်ပုံ





၅။ ။ third-party application တွေကို install လုပ်တဲ့ချိန်သေချာဂရုစိုက်ပါ။ ကိုယ်သေချာမသိတဲ့ application တွေကို Install မလုပ်မိပါစေနှင့်။


၆။ ။ ကိုယ်သိတဲ့သူဖြစ်မှ Friend request တွေကိုလက်ခံပါ။ တကယ်လို့ အားလုံးကိုလက်ခံချင်တယ်ဆိုရင်တော့ Confirm နှိပ်တဲ့ချိန်မှာ comfirm အောက်က Do you know …. outside of Facebook? စာကြောင်းပေါ်လာပြီးအဲအောက်မှာ yes or no ရှိပါသေးတယ်။ no ကိုနှိပ်ပါ။ Thank you for your feedback ဆိုတဲ့ စာသားလေး ပြန်ပေါ်လာပါမည်။ ဒါဆိုရင်တော့ စိတ်ချရပါပီ..။ အပြင်မှာ တကယ်သိတယ်ဆိုရင်တော့ yes ပေးပေါ့…။

၇။ ။ ဓာတ်ပုံအစစ်တွေတင်ခြင်း ၊ နာမည် မှန်နှင့် ဖုန်းနံပတ် တွဲတင်ခြင်း ၊ နေရပ်လိပ်စာ အပြည့်စုံ အမှန်တိုင်းဖြည့်ခြင်း ၊ မွေးနေ့သက္ကရာဇ် အမှန်တိုင်းဖြည့်ခြင်း စတဲ့ကိုယ့်ရဲ့ (profile information ) အမှန်တိုင်း Public လုပ်ခြင်းရှောင်ကြဉ် (ကျဉ်) ပါ။ (ကီးကီး အကြံ ပေးချင်တာကတော့ လက်ရှိနေတဲ့ လိပ်စာကို ဘယ်တော့မှ အမှန်ကျ မထည့်မိပါနှင့်..။ စီးပွားရေးသမားဖြစ်လို့ ကြော်ငြာ ဆိုရင် တစ်မျိုးပေါ့ ။)

၈။ ။ Apps ကိုသေချာ စစ်ပြီး အမြဲသုံးတဲ့ app ကလွဲလို့ အားလုံးဖျက်ပါ။ Facebook>>Account Settings>> Apps>> Apps others use ကိုသွားပြီးပြင်ဆင်ပါ။ အောက်ပုံ





၉။ ။ Facebook>>Account Settings>>Apps>> Instant personalization အောက်က မှန်ခြစ်လေးကိုဖြုတ်ပေးပါ။ အောက်ပုံ




၁၀။ ။ ကိုယ်သေချာမသိတဲ့ add-ons တွေကို Install မလုပ်ပါနှင့်။ အဓိက သူများပြောတိုင်း မယုံပါနှင့်..။ (အသံတွေကြားနေရတယ် :P)


၁၁။ ။ ကိုယ်သုံးတဲ့ Browser ကို ပုံမှန်စစ်ပြီး မလိုအပ်တဲ့ add on တွေကိုဖြုတ်ပြစ်ပါ။ Browser>> tools>> Add-ons>> Extensions မှာ မသိတဲ့ဟာတွေကို disable or remove လုပ်ပါ။ Plugins ကိုထပ်နှိပ်ပြီး မလိုအပ်တာတွေကို disable or remove လုပ်ပါ။




၁၂။ ။ တွေ့တိုင်း နှိပ်ချင်တဲ့အကျင့်ကိုဖျောက်ပါ။ Link (လင့် တွေကိုပြောတာပါ :P ) တကယ်လို့ ကြည့်ချင်သပ့်ါဆိုရင် Browser အသစ်တစ်ခု ကိုဖွင့် Copy and Paste လုပ်ပြီးကြည့်ပါ။ ဒီကွန်ပျူတာပဲ ဘာထူးမှာလည်း မေးစရာစရှိပါတယ်။ ကိုယ့်ဟာကိုတွေးကြည့်ပေါ့နော်.. :P

၁၃။ ။ နေ့စဉ်လုပ်ဆောင်သမျှ Status တင်ခြင်းကိုရှောင်ကျဉ်ပါ။

၁၄။ ။ Fake Page တွေကိုလည်း သတိထားပါ။ အောက်ပုံ




E-mail တွေလည်း အတူတူပါပဲ..။ အဲဒါတွေကို ဘယ်လိုကာကွယ်ရမလဲဆိုရင် သူများပြောတိုင်း Facebook , E-mail တွေကို မဝင်ပါနဲ့ တကယ်လို့ ဝင်ခဲ့မယ်ဆိုရင်တောင် password ကို တစ်ခါတည်းနဲ့ (ဘယ်နေရာ ဘယ်အချိန်ဖြစ်ဖြစ် ) အမှန်မထည့်မိပါစေနဲ့ ..။ အမှားတွေရေးပြီး သုံးလေးကြိမ်လောက် ဝင်ပြီးမှ အမှန်နဲ့ ပြန်ဝင်မယ်ဆိုရင် ဘယ် password က အမှန်လည်း ဆိုတာ ချက်ချင်းသိဘို့ ခက်ပါလိမ့်မည်။( မှတ်ချက်။ ။သင့်ရဲ့ Facebook , Email ကို ဝင်ထားရဲ့သားနဲ့ လင့်နှိပ်မိလို့ Facebook , Email ကို အသစ်ပြန်ဝင်ခိုင်းတယ်ဆိုရင် လုံးဝ မဝင်မိပါစေနဲ့.. ဘာဖြစ်လို့လဲဆိုရင် Facebook , Email အစစ်မှန်သာဆိုရင် အော်တို ဝင်သွားမှာပါ။)

၁၅။ ။ ကွန်ပျူတာမှာ မဖြစ်မနေ Anti-Virus ကိုတင်ထားပါ

ကွန်ပျူတာမှာ တွဲသုံးသင့်တဲ့ antivirus တွေကိုလည်းတစ်ခါတည်းထည့်ပေးထားပါတယ်။ ဒီလိုသာတွဲတင်ထားမယ်ဆိုရင် တော်ရုံ virus လောက်ကတော့ လာထား…:P

(1) iobit.com/malware-fighter-pro

http://www.iobit.com/malware-fighter-pro.html

key>> AE9C1-08313-45C7D-F0BA1

(2) AVG internet Security 2013

www.avg.com/us-en/internet-security အရင်ဆုံး free trial ဒေါင်းပါ

Updated KEY!  8MEH-RXYFD-JUV72-8922R-FTDO8-QEMBR-ACED
Keys: 8MEH-R2CML-SS7FW-MOXFR-TRU8V-3EMBR-ACED
8MEH-R336M-QDYTV-ECNOR-6VWKU-CEMBR-ACED
8MEH-R3VBQ-DC433-3FPOA-YADFU-NEMBR-ACED
8MEH-R3VBQ-DC433-3FPOA-YFE9U-NEMBR-ACED
8MEH-R6633-YP39H-YCNSR-H7BQT-EEMBR-ACED
8MEH-R6633-YP39H-YCNSR-HHW2U-EEMBR-ACED
8MEH-R6FE9-FWO64-T84MR-096CY-7EMBR-ACED
(3) Malwarebytes Anti-Malware pro

http://www.malwarebytes.org/lp/malware_lp/?gclid=COS92J-fprcCFct7QgodQjYAqg
key>>
ID......: 7IS82
KEY.....: 19VY-0B61-BDQM-Q99H

ID......: 8FF22
KEY.....: PHM0-WGJ1-3YYV-UGHY

ID......: 8UA49
KEY.....: LEUF-8HQ3-TMGB-0FAB

ID......: 4VF58
KEY.....: HLN7-ACMC-UJN6-5NYV

၁၆။ ။ ဆိုင်မှာသွားတဲ့သူတွေကတော့ ဘယ်တော့မှ လုံးခြုံမှု အပြည့်မရှိနိုင်ပါဘူး။ ဘာပဲပြောပြော သုံးခါနီး keylogger ကိုမစစ်နိုင်ရင်တော့မှ Browser ကိုတော သေချာစစ်ဘို့မမေ့ပါနဲ့။

superantispyware professional  ( keylogger ကွန်ပျူတာမှာ ရှိမရှိ စစ်ရန်)
http://www.superantispyware.com/
key >> 016-181-9605
19D4-A402-9C63-F0E9
------------------------------------
207-885-8838

B3CF-EFC1-1082-604E

------------------------------------


103-715-4662

E57C-55DF-18B9-4640

လုံခြုံရေးအကြောင်း အသေးစိတ်သိချင်ရင်တော့ >> https://www.facebook.com/security

## Privacy အကြောင်း

ဒီမှာတော့ မရှင်းပြတော့ပါဘူး။အောက်ပါပုံကိုသာကြည့်ပါ




Privacy အကြောင်း အသေးစိတ်သိချင်ရင်တော့ အောက်ကလင့်မှာ သွားကြည့်နိုင်ပါတယ်။

https://www.facebook.com/fbprivacy

အင်တာနက်ဆိုင်မှာ သုံးမယ်ဆိုရင် ဒီဟာတွေကို အရင် လုပ်ပါ

(ဟိုးအရင်တုန်းကရေးတဲ့ဟာပါ အသစ်ပြန်ရေးရမှာပျင်းလို့ ဒီတိုင်းပြန်ယူလိုက်တယ် … :P)


အသစ်အသစ်သော လူငယ်များနှင့် မသိသေးသော သူများအတွက်ရည်ရွယ်ပါတယ်

ဆိုင်မှာသုံးတော့မယ်ဆိုရင် အရင်ဆုံး ကိုယ်သုံးတဲ့ Browser ကိုစစ်ရပါမယ်..။ ဘာလို့လဲဆိုရင် တစ်ချို့ဆိုင်တွေမှာ Password ကို Save လုပ်တတ်ကြလို့ပါ။ တကယ်လို့ Browser Menu Bar မပေါ်ဘူးဆိုရင် address bar ပေါ်မှလွတ်နေသောနေရာတွင် Right click နှိပ်ပါ။ပြီးရင် menu bar ကို အမှန်ပြန်ခြစ်ပေးပါ။ မရှင်းသေးဘူးဆိုရင် အောက်ပုံကိုကြည့်ပါ ။ Right click ထောက်ရမယ့်နေရာကို မျဉ်းကြောင်း အစိမ်းနဲ့ ပြပေးထားပါတယ်။


(1 ) အောက်ပုံ





(2) Tools ကို ကလင့် ပြီး Options ကိုဆက်ကလင့်ပါ။အောက်ပုံ




(3) Privacy ကိုကလင့်ပြီး အောက်မှာ remember history ဖြစ်နေလားကြည့်ပါ။ဖြစ်နေတယ်ဆိုရင် never remember history ကိုရွေးပေးပါ။ OK ပေးပါ။( မှတ်ချက် ။ ။ ပြန်ခါနီးမှာ တစ်ချက်ပြန်ကြည့်ပြီး Clear all history ကိုနှိပ်ပြီး OK ပေးဘို့ မမေ့ပါနဲ့)





(4) ဒီဟာကတော့ အရေးကြီးဆုံးလို့ပြောရမှာပါ။ဘာလို့လဲဆိုရင် Password တွေ ကျန်ခဲ့တဲ့နေရာမိုလို့ပါ။Security ကို ကလင့်ပါ။ Save Password မှာအမှန်ခြစ်ရှိလား ။မရှိဘူးလား စစ်ပါ။တကယ်လို့ ရှိနေတယ်ဆိုရင် အမှန်လေးဖြုတ်ပြီး OK ပေးပါ။ Use a  Master Password မှာအမှန်ခြစ်လေးရှိနေမယ်ဆိုရင်တော့ ကွန်ပျူတာကိုပြောင်းသုံးလိုက်ပါ။ဘာလို့လဲဆိုရင် ထည့်တဲ့သူကလွဲရင် အဲဒီအမှန်ခြစ်လေးကို ဘယ်သူမှဖြုတ်လို့ မရပါဘူး။ အောက်ပုံ





(5) ကျွန်တော်တို့ Gtalk သုံးတဲ့အခါမှာတော်များများကတော့အင်တာနက်ဆိုင်မှာသုံးတာများ ပါတယ်။အခုတင်ပြတဲ့နည်းကတော့အင်တာနက်ဆိုင်မှာမိမိရဲ့Gmail Addressတွေမကျန် ခဲ့စေအောင်သုံးတဲ့နည်းလေးပါ။ မိမိGtalk မဝင်ခင် မိမိရဲ့ရှေ့ကဘယ်သူတွေ Gtalk ဝင်သွားလဲ၊သူတို့ရဲ့ Gmail Addressတွေကဘာနာမည်လဲဆိုတာသိချင်ကြပါလိမ့်မယ်။ နောက်တခုက မိမိ Gtalk ဝင်ခဲ့ရင်လဲမိမိ Gmail Address ကိုသူများမသိအောင်ဘယ်လို ဖျက်မလဲဆိုတာတင်ပြပေးချင်ပါတယ်။သူများသိတော့ invite လုပ်မှာပေါ့။အဒီတော့ စက်ထဲမှာ မိမိ Gmail Addressမကျန်ခဲ့စေရန်ရည်ရွယ်ရေးသွားပါတယ်။

စလုပ်လိုက်ရအောင်။


၁။ အရင်ဦးဆုံး Start ထဲက Run ကိုနှိပ်ပါ။(သို့မဟုတ်)Window+R ကိုတွဲဖိပါ။ Run Box ကျလာပါက Regedit ကိုရိုက်ထည့်ပေးပါ။ Box ကျလာပါလိမ့်မည်။ (တကယ်လို့ Run ပိတ်ထားရင် ကွန်ပျူတာကို ခဲနဲ့ထုခဲ့ပါ... :D )





၂။ ထို Boxထဲတွင် Folder ၅ခုတွေ့ပါလိမ့်မည်။ ထို Folder ၅ခုမှ ဒုတိယမြောက် HKEY_CURRENT_USER ဘေးရှိ + ကိုနှိပ်ပါ။ List ကျလာပါလိမ့်မည်။





၃။ Software ရှာပါ။တွေ့ပါကSoftware ဘေးရှိ +ကိုဆက်နှိပ်ပါ။ List ကျလာပါလိမ့်မည်။




၄။ Google ကိုရှာပါ။တွေ.ပါက Google ဘေးရှိ + ကိုဆက်နှိပ်ပါ။ List ကျလာပါလိမ့်မည်။




၅။ Google Talk ကိုရှာပါ။ တွေ့ပါက Google Talk ဘေးရှိ +ကိုနှိပ်ပါ။ List ကျလာပါလိမ့်မည်။




၆။ Account နှိပ်ပါ။ Gmail Address များကိုတွေ့ရပါလိမ့်မည်။ အကယ်လို့မိမိ Gtalk ဝင်ခဲ့တယ်ဆိုရင်တော့မိမိGmail Addressနာမည် ပေါ်နေပါလိမ့်မည်။ ဖျက်လိုပါက မိမိနာမည် ပေါ်တွင် Right ကလစ်နှိပ်၊Delete ကိုနှိပ်လိုက်ပါ။ Name/Type/Data တို့အောက်ကျန်ခဲ့ပါက Name အောက်ရှိ ab ပေါ်တွင် Right ကလစ်နှိပ်၊Delete ကိုနှိပ်ပေးပါ။

## Facebook Security Question ကို ဘယ်လိုပြန်ပြောင်းမလဲ

ကီးကီးကတော့ နှစ်မျိုးနဲ့ လုပ်ကြည့်ဘူးပါတယ်။ ပထမ တစ်ခုက အပေါ်မှာ ရေးထားတဲ့ အတိုင်း Security Question မေးလ်သစ်နဲ့ ဖြေပြီး ဒီတိုင်းထားထားပါတယ်။ ပြီးရင် နောက်နေ့ကျမှ ပုံမှန်ဝင်တဲ့ မေးလ်နဲ့ပြန်ဝင်တော့ Fb ကနေမေးတာပေါ့။ ဒီလို ဘာညာနဲ့ လုပ်ထားလားပေါ့။ No နဲ့ဖြေရင် လုပ်ဘို့အဆင့်ဆင့်ပေးလာပါတယ်။ သူပြောတဲ့အတိုင်း အဆင့်ဆင့်လုပ်ပေးရင် Security Question အသစ်ပေးလို့ရပါတယ်။ ဒုတိယ နည်းကတော့ http://facebook.com/hacked သွားပြီး သူလုပ်ခိုင်းတဲ့ အတိုင်းသွားပြီး Update လုပ်နိုင်ပါတယ်။

## Password ကို လုံခြုံ အောင် ဘယ်လိုပေးသင့်လဲ

၁။ ။ Password မြန်မာလို ပေးရင်အကောင်းဆုံးပါ (မှတ်ချက် ။ ဖောင့် မပြောင်းပဲ ပြန်ဝင်မိရင် ဒုက္ခရောက်တတ်ပါတယ်။)
၂။ ။ Password စာလုံးတွေကြားမှာ Space Bar အနည်းဆုံး လေးချက်လောက်ဆီ ဘုတ်ပေးရင် ကီးကီးစမ်းဘူးသလောက် Key logger တွေလည်း မဖမ်းနိုင်ပါဘူး။
၃။ ။ Password ကို ဂေးလိုက်ဖျက်လိုက် သုံးလေးကြိမ်လုပ်ပြီးမှ အမှန်နဲ့ဝင်ရင် Backspace နဲ့ ဖျက်ထားတဲ့စာတွေကို keylogger လည်း အမှန်မဖမ်းနိုင်ပါဘူး..။
၄။ ။ ကိုယ့် ရဲ့ မေးလ်ကို ဖုန်းနဲ့ ထိန်းထားတာအကောင်းဆုံးပါပဲ…။ မေးပါသွားရင် Facebook လည်း ပါသွားမှာပါ။ ကိုယ်အမြဲသုံးတဲ့ Email နဲ့ Facebook ကို မသုံးရင်ပိုကောင်းပါတယ်..။ Password ကို နေရာတိုင်းမှာ မတူပါစေနဲ့..။ ဘာမဆို အလွယ်လုပ်ရတာကို ရှောင်ပါ။ Password များများထည့်ဖို့ မပျင်းပါနဲ့..။

အရင်တုန်းက Gmail အတွက်ဆိုပြီး ဒီမှာရေးဘူးပါတယ်>>http://keekee.minus.com/lbhx9cW7OzXfxG

လုံခြုံရေးအကြောင်းကိုပိုသိချင်တယ်ဆိုရင်တော့.. https://www.facebook.com/security
https://www.facebook.com/fbprivacy

Report အကြောင်းကိုသိချင်ရင် .. https://www.facebook.com/report
ဒါမှမဟုတ်ဘူး အားလုံးကိုယ့်ဟာကိုရှာချင်ရင် .. https://www.facebook.com/help
တကယ်လို့ ကိုယ်မသိပဲ ကိုယ့် အကောင့်ကနေ လင့်တွေ အလိုအလျောက်ပို့နေတယ်ဆိုရင်တော့ အောက်ကလင့်မှာသွားပြီး သူပေးတဲ့အတိုင်း step by step လုပ်ပါ။
https://www.facebook.com/roadblock/roadblock_me.php?r=5
အောက်မှာတော့ ဘယ်လို Report လုပ်ချင်လည်း လုပ်နိုင်ပါတယ်။
https://www.facebook.com/help/contact/?id=274459462613911

Credit >>>>>> https://www.facebook.com/help

keekee

မှတ်ချက်။ ။ ကီးကီး က တတ်လို့ တော်လို့ ဒီလိုရေးတာမဟုတ်ပါဘူး။ Facebook သုံးပြီး သိသင့်တာလေးတွေ သိအောင် အချိန်ကုန်ခံပြီးရေးပေးတာပါ။ ကီးကီးရည်ရွယ်ချက်ကတော့ မသိသေးသူတွေကိုသိစေချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ပါ။ လိုအပ်ချက်တွေအများကြီးရှိမှာဖြစ်လို့ အကြံပေးချင်တာ၊ သင်ပြချင်တာ၊ ထောက်ပြချင်တာများရှိရင် ကီးကီး FB ကိုကြွလှမ်းခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ..။

အဆုံးအထိဖတ်ပေးလို့ ကျေးဇူးပါ

ကီးကီး (kee kee)

keekee